Burmese Version
(Abridged)
Executive Summary
& Recommendations

EARTHRIGHTS INTERNATIONAL

# GETTING IT WRONG:

## Flawed "Corporate Social Responsibility" and Misrepresentations Surrounding Total and Chevron's Yadana Gas Pipeline in Military-Ruled Burma (Myanmar)




A Report by EarthRights International, September 2009

# **Getting It Wrong** (အပျက်သို့ ဦးတည်ရာလမ်း)

## စစ်အာဏာရှင်အုပ်ချုပ်သည့်မြန်မာနိုင်ငံအတွင်း **Total** နှင့် **Chevron** တို့ ရတနာသဘာဓာတ်ငွေ့ပိုက်လိုင်းအပေါ် မှားယွင်းလွဲချော်ပြီး မမှန်ကန်သည့် **“Corporate Social Responsibility”** ၏ တင်ပြချက်များ

### **Getting It Wrong** အစီရင်ခံစာ အကျဉ်းချုပ်

ကမ္ဘာ့အငြင်းပွားစရာအကောင်းဆုံး ဖွံ့ဖြိုးရေးစီမံကိန်းများအနက် တခုအနေဖြင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသတွင် အနောက်နိုင်ငံရှိရေနံကုမ္ပဏီနှစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံအခြေစိုက် Total ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် Chevron ကုမ္ပဏီတို့မှ လက်ရှိမြန်မာစစ်အာဏာရှင်အစိုးရနှင့် ပူးပေါင်းကာ[vi] ရတနာသဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစီမံကိန်းအား လုပ်ဆောင်နေပါသည်။ ယင်းရတနာစီမံကန်းသည် အက်ဒမန်ကန်းလွန်ပင်လယ်အတွင်းမှ ဓာတ်ငွေ့များကိုတူးယူကာ မြန်မာနိုင်ငံတောင်ပိုင်းဒေသ တနင်္သာရီတိုင်းကို ကျော်ဖြတ်၍ ထိုင်းနိုင်သို့ သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်သည့် အကြီးစားစီမံကိန်းတစ်ခုဖြစ်ပြီး၊ ယင်းသဘာဝဓာတ်ငွေ့အား မြေပေါ်တွင်ပိုက်လိုင်းဖြင့် သယ်ယူကာ သဘာဝပတ်ဝန်းကျင်အားထိခိုက်နိုင်စေသော ထူထပ်သည့်မဲမောင်သည့် သစ်တော၊ မြေရိုင်းနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တိုင်းရင်းသားဒေသများတွင် ဖြတ်ကျော်ဆောက်လုပ်ပြီးဖြစ်ပါသည်။ စီမံကိန်း စတင်အကောင်အထည်ဖော်သည့်အခါတွင် ကုမ္ပဏီများနှင့် ပိုက်လိုင်းလုံခြုံရေးအတွက် တာဝန်ယူထားသည့် မြန်မာစစ်တပ်[vii] များအား ဒေသခံရွာသားများ၏ အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျူးလွန်ချိုးဖေါက်ခဲ့သည်။[၁] ကောင်းမွန်စွာ မှတ်တမ်းပြုစုထားသည့် အကြမ်းဖက်မှု၏စွဲဆိုချက်နှင့် စနစ်တကျချိုးဖေါက်မှုများမှာ ဥပဒေနှင့် မညီညွတ်သည့် သတ်ဖြတ်မှုများ၊ မုဒိန်းကျင့်မှုများ၊ ညင်းပန်းနှိပ်စက်မှု၊ အတင်းအဓမ္မလုပ်အားစေခိုင်းမှု၊ မြေယာသိမ်းပိုက်မှုနှင့် အဓမ္မနေရာရွှေ့ပြောင်းမှုစသည်တို့ဖြစ်ပါသည်။ ယင်းချိုးဖေါက်မှုများနှင့် အခြားသောချိုးဖေါက်မှုများမှာ ဆက်တိုက်ဖြစ်ပွားသည့် ချိုးဖေါက်မှုများပြီး Total Impact အမည်ရှိ ၂၀၀၉ တွင် ERI မှ ထုတ်ပြန်သည့် အစီရင်ခံစာအတွင် မှတ်တမ်းတင်ထားသည်။

Total နှင့် Chevron သည် မြန်မာစစ်တပ်မှ ပိုက်လိုင်းဒေသတွင်နေထိုင်သည့် ဒေသခံရွာသားများအပေါ် ကျူးလွန်သည့် ချိုးဖေါက်မှုများတွင် ပါဝင်ပတ်သက်နေသည့်ကိစ္စကို အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။ မည်သို့ပြင်ဆိုစေ မြန်မာနိုင်ငံဒေသခံရွာသားများနှင့် ဥရောပနိုင်ငံတရားရုံးများမှ ရုံးတင်တရားစွဲဆိုမှုများ၊ တရားရုံးမှ ချိုးဖေါက်ခံရသူများနှင့် ကုမ္ပဏီတို့ကြားတွင် ဖြစ်ပေါ်လာခဲ့သည့် ကျေအေးမှု၊ ERI နှင့် အခြားသော အဖွဲ့အစည်းများမှ ကောက်ယူထားသည့် အခြေခံကျသည့်အသေးစိတ် အချက်အလက်မှတ်တမ်းများနှင့်တတူ ၁၉၉၆ ခုနှကတည်းက ထုတ်ဝေခဲ့သည့် အစီရင်ခံစာများကို ကြည့်ခြင်းအားဖြင့် အမှန်တရားများပေါ်လွင်ပြီးဖြစ်သည်။ မိမိတို့လုပ်ငန်းစီမံကိန်းကြောင့် အကျိုးဆက်ဆိုးကျိုးအန္တရာယ်များ လျော့နည်းလာစေရန် တာဝန်ယူမှုရှိသည်ကို လက်ခံရမည့်အစား၊ Total နှင့် Chevron

---

[vi] The term “Burmese” is used in reference to anything about the country or its dominant language, or the people of Burma as a whole, including all the ethnic nationalities. The armed forces are commonly referred to as the Tatmadaw, the literal Burmese translation. The Army, Navy, and Air Force are distinct (Tatmadaw Kyi, Tatmadaw Ye, and Tatmadaw Lay, respectively). In this report ERI uses the terms “Burma Army” and “Burma Navy.”

[vii] The primary subject of this report is the work and methodology of the Corporate Engagement Project (CEP) of CDA Collaborative Learning Projects, a Massachusetts-based organization hired by Total in 2002 to assess its impacts in Burma. When CDA was first hired by Total the organization was a for-profit entity called Collaborative for Development Action (CDA), Inc. In 2003, CDA became a non-profit company and renamed itself CDA Collaborative Learning Projects (CDA).

သည် စီမံကိန်းကြောင့် ထိခိုက်ဆုံးရှုံးမှုများကို တိုက်ရိုက်ကြုံတွေ့ရသည့် ဒေသခံများနှင့် မြန်မာတစ်နိုင်ငံလုံးရှိပြည်သူများမှ ခံစားနေရသည့် ၎င်းတို့၏လုပ်ငန်းအကျိုးသက်ရောက်မှုများကို ယနေ့အချိန်ထိ ဆက်လက်၍ မမှန်မကန်တင်ပြပြောဆိုလျက်ရှိသည်။

ဤအစီရင်ခံစာတွင် Total မှ တာဝန်ပေးခန့်အပ်၍ ပြုလုပ်ခဲ့သည့် အထူးသဖြင့် အမေရိကန်အခြေစိုက် CDA Collaborative Learning Projects (CDA) ၏ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် Corporate Engagement Project (CEP) မှ ပြုလုပ်ထားသည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှု လေ့လာစမ်းစစ်ချက်မှာ ပြုလုပ်သည့် စနစ်နည်းနာအရ မှားယွင်းလွဲချော်နေသည့်အပြင် အချက်လက်အားဖြင့်လည်း တိကျမှန်ကန်မှု ပြည့်စုံမှုမရှိချေ။[viii] ထို့ပြင် ယင်းလေ့လာစမ်းစစ်မှုသည် ပိုက်လိုင်းဒေသတွင်း ချိုးဖေါက်မှုများမရှိသည်မက မိမိတို့စီမံကိန်းသည် မြန်မာနိုင်ငံတစ်ခုလုံးအတိုင်းအတာအရ အပြုသဘောဆောင်သည်ဟု ကြွေးကြော်သည့် ကုမ္ပဏီ၏စီမံကိန်းအပေါ် ထင်ထင်ရှားရှား မမှန်မကန်တင်ပြပြောဆိုနေသည့် အချက်အလက်များကို မှတ်တမ်းတင် သုံးသပ်ထားပါသည်။

CDA သည် မြန်မာနိုင်ငံအတွင်း ၎င်း၏ Corporate Engagement Project ၏ Total အတွက် ကွင်းဆင်းလေ့လာမှုစမ်းစစ်ချက်ပြုလုပ်သည့် အဓိကဦးတည်ချက်မှာ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ရွာတွင် ဒေသခံပြည်သူလူထုများအပေါ် ဆိုးကျိုးထက် ကောင်းကျိုးများဖြစ်သည့် အကျိုးသက်ရောက်မှုများရှိလာအောင် လုပ်ဆောင်ရန်ဖြစ်သည်ဟု ဖေါ်ပြထားပါသည်။[၆] လွတ်လပ်သည့်ပညာရှင်များဟု Total မှ အမည်တပ်[၇] ခေါ်ဝေါ်သည့် CDA သည် ၂၀၀၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံအတွင်း ၅ ကြိမ်သွားရောက်ပြီး ပိုက်လိုင်းဒေသတွင် ရက်ပေါင်း ၂၀ ခန့်မျှရှိသည့် အတွေ့အကြုံကို အခြေခံ၍ အစီရင်ခံစာ ၅ စောင်ထုတ်ဝေခဲ့သည်။[၈] ယင်းအစီရင်ခံစာများသည် မြန်မာနိုင်ငံအတွင်း Total နှင့် Chevron တို့၏ လုပ်ငန်းအကျိုးသက်ရောက်မှုနှင့် ၎င်းတို့၏လုပ်ဆောင်ချက်များကို အမွမ်းတင်ဖေါ်ပြထားပါသည်။ ယင်းအချက်များသည် ရတနာပိုက်လိုင်းဒေသတွင်း ၁၉၉၀ နှစ်များ အလယ်ပိုင်းအချိန်ကတည်းက ERI နှင့် အခြားသော အဖွဲ့အစည်းများမှ ကောက်ယူစုဆောင်းထားသည့် မျက်မြင်သက်သေများနှင့် ဒေသခံရွာသားများ၏ ထွက်ဆိုချက်များနှင့် ကွဲပြားခြားနားနေသည်ကို တွေ့ရသည်။ ဤအစီရင်ခံစာနှင့် တပြိုင်နက်တည်း ထုတ်ဝေသည့် Total Impact အမည်ရှိ အစီရင်ခံစာသည် ရတနာစီမံကိန်း၏ လက်ရှိအခြေအနေနှင့် မှန်ကန်သည့် အချက်အလက်များ တင်ပြရန် အဓိကရည်ရွယ်ပါသည်။

ဤအစီရင်ခံစာ၏ အခန်း (၁) မှာ မြန်မာနိုင်ငံတွင်းရှိ လက်ရှိအခြေအနေပေါ် ပိုက်လိုင်းဒေသအတွင်း Total ကုမ္ပဏီကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများ စုဆောင်းသည့် CDA ၏မှားယွင်းလွဲချော်နေသည့် လုပ်ကိုင်မှုနည်းနာပေါင်း ၁၀ မျိုးထက်မနည်း အသေးစိတ်ဖေါ်ပြထားပြီး၊ ၎င်းတို့မှာ ဖိနှိပ်မှုနှင့် နားမျက်စိ အပိတ်ခံရပြီး အမှောင်လွှမ်းနေသည့် မြန်မာနိုင်ငံမှ ဒေသခံရွာသားများကို လွဲမှားသည့် အဖွင့်မေးခွန်းများဖြင့် မေးမြန်းဖို့ကျိုးစားခဲ့သည့်ကိစ္စများ၊ ၎င်းတို့ သတ်မှတ်ထားသည့် ကျဉ်းမြောင်းသည့်ပိုက်လိုင်းဧရိယာပြင်ပနေရာမှ ဒေသခံရွာသားများအပေါ် ပိုက်လိုင်းစီမံကိန်း၏အကျိုးသက်ရောက်မှု အချက်အလက်များကို ပြည့်စုံလုံလောက်စွာ ရှာဖွေစုဆောင်းရန် ပျက်ကွက်ခဲ့သည့်ကိစ္စများ ပါဝင်ပါသည်။ အားလုံးအနက် CDA မှ ဒေသခံရွာသားများကို တွေ့စုံမေးမြန်းမှုများပြုလုပ်ရာတွင် Total မှ ခန့်အပ်ထားသည့် ဘာသာပြန်များမှတဆင့် Total ဝန်ထမ်းများ၊ စစ်တပ်များနှင့် စစ်ထောက်လှမ်းရေးများ၏ ရှေ့မှောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် စစ်အာဏာရှင်အစိုးရနှင့် ၎င်းတို့၏ စီးပွားဖက်များကို ဝေဖန်ပြောဆိုသည့် သူများအပေါ် ဖမ်းဆီးနှိပ်စက်သည့်လုပ်ရပ်များကို ကောင်းစွာမှတ်တမ်းပြုစုထားသည့် မြန်မာပြည်ကဲ့သို့သော နိုင်ငံတွင် ဤကဲ့သို့သော တင်းကျပ်သည့်အခြေအနေမျိုးဖြင့် ရယူစုဆောင်း

viii

သည့် အချက်အလက်များအား နောက်ဆက်တွဲအကျိုးသက်ရောက်မှုလေ့လာစမ်းစစ်ချက် ပြုလုပ်မှု (သို့) လူ့အခွင့်အရေးချိုးဖေါက် စုံးစမ်းစစ်ဆေးရေးလုပ်ငန်းတွင် မေးခွန်းများ မေးစရာရှိလာပါသည်။ CDA လာရောက်တွေ့ဆုံမေးမြန်းမှု မပြုလုပ်ခင် ကုမ္ပဏီအပေါ် ဝေဖန်မှုများ မပြုလုပ်ရန် မြန်မာစစ်တပ်မှ ကြိုတင်သတိပေးသည့်ကိစ္စများကို CDA မှ တားမြစ်မှုများလုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပြီး၊ ယင်းအကျိုးဆက်ကြောင့် CDA မှ မေးမြန်းရရှိသည့် အချက်အလက်အပေါ် သံသယများ ဖြစ်ပွားစေပါသည်။

နောက်ဆုံး အကယ်၍ CDA ၏ အစီရင်ခံစာအား ဤအစီရင်ခံစာ၏ ပထမပိုင်းတွင် ဖေါ်ပြသည့်အတိုင်း မှားယွင်းလွဲချော်သည့် နည်းနာစနစ်နှင့် ဤကဲ့သို့တင်းကျပ်သည့်အခြေအနေအောက်မှ ထွက်လာခြင်းမဟုတ်ခဲ့သည့်တိုင် Total နှင့် Chevron မှ ယင်းအစီရင်ခံစာကို မှားယွင်းစွာအကြိမ်ကြိမ် အသုံးပြုခဲ့ပါသည်။ အစီရင်ခံစာ၏ ဒုတိယပိုင်းမှာမူ မြန်မာနိုင်ငံအတွင်း ကုမ္ပဏီများ၏လုပ်ငန်းဆောင်ရွက်မှုနှင့် CDA ထုတ်ဝေသည့် အစီရင်ခံစာကို တလွဲအသုံးချခဲ့မှုများကို ရေးသားပြုစုထားပါသည်။ ဥပမာအားဖြင့် ပိုက်လိုင်းလမ်းကြောင်းဒေသများတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများကို ရပ်တန့်ပေးနိုင်ခဲ့သည်ဟု အခြေအမြစ်မရှိသည့် ပြောဆိုချက်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ပိုက်လိုင်းဒေသတွင်း အဓမ္မလုပ်အားပေးစေခိုင်းမှုများ မရှိတော့ကြောင်း CDA နှင့် ILO တို့မှ တွေ့ရှိခဲ့သည်ဟု မှားယွင်းစွာ ထုတ်ဖေါ်ပြောဆိုခဲ့သည်။ ဤအစီရင်ခံစာသည် ပိုက်လိုင်းဒေသအတွင်း အဓမ္မလုပ်အားပေးစေခိုင်းမှုများ ရပ်ဆိုင်းနိုင်ခဲ့ကြောင်း CDA နှင့် ILO တို့မှ ထုတ်ဖေါ်ခဲ့ခြင်းမရှိသည်ကို မှတ်တမ်းတင်ဖေါ်ပြထားသည်။

စင်စစ်မှာမူ ပိုက်လိုင်းလမ်းကြောင်းဒေသတွင်း အဓမ္မလုပ်အားပေးစေခိုင်းမှုများ ကျယ်ပြန့် ပျံ့နှံ့စွာ ဆက်လက်ဖြစ်ပွားနေပြီး ပိုက်လိုင်းဒေသတစ်ခုလုံး ပို၍ပြင် ဖြစ်ပွားလျက်ရှိသည်။[၃] ပိုက်လိုင်းစီမံကိန်းနှင့် ပတ်သက်ဆက်နွယ်နေသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများသည် စနစ်တကျဆက်လက်ဖြစ်ပွားနေသည်ကို ERI ၏ မှတ်တမ်းတွင် ဖေါ်ပြနေပြီး၊ Total နှင့် Chevron တို့မှ မြန်မာနိုင်ငံအတွင်း ၎င်းတို့စီမံကိန်း၏ နောက်ဆက်တွဲအကျိုးသက်မှုများကို မမှန်မကန်တင်ပြ ပြောဆိုခဲ့သည်။ ကုမ္ပဏီများမှ ဤရာဇဝတ်မှုများအပေါ် တာဝန်ရှိပါသည်။

ကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်း ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြုပြင်ပြောင်းမှုများပြုလုပ်ရန် အခွင့်အလမ်းများစွာ ရှိပါသည်။ Getting it Wrong အမည်ရှိ အစီရင်ခံစာတွင် ရတနာစီမံကိန်းအား ခက်ခဲရှုတ်ထွေးသည့် အခြေအနေအောက်တွင် တာဝန်ရှိသည့်ရင်းနှီးမြှုတ်နှံမှုစံပြနှင့် ကိုက်ညီမှုမရှိသည့် အချက်များကို ပါဝင်ဖေါ်ပြထားပြီး၊ CDA မှ ပြုလုပ်သည့် စီမံကိန်းလုပ်ငန်း၏လေ့လာစမ်းစစ်ချက်အပေါ် တိကျမှန်ကန်သည့် သို့မဟုတ် ယုံကြည့်ရသည့် လက်စွဲအဖြစ် အားကိုးအားထားမှု မပြုသင့်တော့ပေ။

---

3 ERI & Southeast Asian Information Network, *Total Denial: A Report on the Yadana Pipeline Project in Burma (June 1996)*, ***available at*** http://www.earthrights.org/files/Reports/TotalDenial96.pdf; ERI, *Total Denial Continues: Earth Rights Abuses Along the Yadana and Yetagun Pipelines in Burma* (1st ed. 2000; 2d ed. 2003), ***available at*** http://www.earthrights.org/mwt_journal_admin/TotalDenialContinues_2000.pdf and http://www.earthrights.org/mwt_journal_admin/TotalDenialCont-2ndEdition_2003.pdf; ERI, *Supplemental Report: Forced Labor Along the Yadana and Yetagun Pipelines* (supplement to *More of the Same: Forced Labor Continues in Burma*) (2001), ***available at*** http://www. earthrights.org/mwt_journal_admin/supplemental-moreofthesame.pdf; ERI, *Fueling Abuse: Unocal, Premier & TotalFinaElf's Gas Pipelines in Burma* (2002), ***available at*** http://www.earthrights.org/mwt_journal_admin/fuelingabusenglish.pdf.; ERI, *The Human Cost of Energy: Chevron's Continuing Role in Financing Oppression and Profiting From Human Rights Abuses in Military-Ruled Burma* (2008), ***available at*** http://www.earthrights. org/mwt_journal_admin/HCoE_pages.pdf.

[4] CDA Collaborative Learning Projects (CDA), *Project Profile – Corporate Engagement Project*, *Project Summary*, *at* http://www.cdainc.com/cdawww/project_ profile.php?pid=CEP&pname=Corporate%20Engagement%20Project (last visited August 6, 2009).

[5] Total, *The Socio-Economic Program*, http://burma.total.com/en/engagement/p_3_1.htm (last visited August 6, 2009).

[6] MARY ANDERSON, DOUG FRASER & LUC ZANDVLIET, *FIELD VISIT REPORT (FIRST VISIT)* 1 (2002), *at* http://www.cdainc.com/cdawww/pdf/casestudy/cep_myanmar__ first_visit_field_visit_report_Pdf.pdf [hereinafter CDA REPORT : FIRST VISIT]; LUC ZANDVLIET & DOUG FRASER, *FIELD VISIT REPORT (SECOND VISIT)* 1 (2003), *at* http://www.cdainc.com/cdawww/pdf/casestudy/cep_myanmar_second_visit_field_ visit_report_Pdf.pdf [hereinafter CDA REPORT : SECOND VISIT]; LUC ZANDVLIET & DOUG FRASER, *FIELD VISIT REPORT (THIRD VISIT)* 1 (2003), *at* http://www.cdainc. com/cdawww/pdf/casestudy/cep_myanmar_third_visit_field_visit_report_Pdf. pdf [hereinafter CDA REPORT : THIRD VISIT]; LUC ZANDVLIET & ANA PAULA DO NASCIMENTO , CDA COLLABORATIVE LEARNING PROJECTS, *FIELD VISIT REPORT (FOURTH VISIT)* 1 (2005), *at* http://www.cdainc.com/cdawww/pdf/ casestudy/cep_myanmar__fourth_visit_field_visit_report_Pdf.pdf [hereinafter CDA REPORT : FOURT H VISIT]; MARY ANDERSON & BRIAN GANSON, CDA COLLABORATIVE LEARNING PROJECTS, *REPORT OF FIFTH CDA/CEP VISIT TO THE YADANA PIPELINE 1* (2008), *at* http://www.cdainc.com/cdawww/pdf/casestudy/ cep_fieldvisitreport_totalmyanmarburma_20080430_Pdf.pdf [hereinafter CDA REPORT : FIFTH VISIT]

[7] *See* ERI, *Total Impact* (2009).

## တိုက်တွန်း အကြံပြုချက်များ

**Total နှင့် Chevron သို့**

- ပိုက်လိုင်းဒေသအတွင်း ဆက်တိုက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများမရှိဟု မဟုတ်မမှန်သည့် CDA ၏ စုဆောင်းတင်ပြချက်အပေါ် အသုံးပြုခြင်းမှ ရပ်ဆိုင်းရန်နှင့် CDA အား ရတနာစီမံကိန်း၏ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ကြီးကြပ်သည့် ကြားခံအဖွဲ့အစည်းဆိုသည့် ပြောဆိုချက်ကို ရပ်ဆိုင်းရန်
- လူ့အခွင့်အရေးချိုးဖေါက်မှုများကို လူသိရှင်ကြားအသိအမှတ်ရန်နှင့် နအဖစစ်အစိုးရနှင့် အခြားသောစီးပွားရေးလုပ်ကိုင်ဖက်များအပေါ် ၄င်းတို့၏ဩဇာလွှမ်းမိုးမှုကို အသုံးပြု၍ ပိုက်လိုင်းဒေသအတွင်း ဆက်တိုက်ဖြစ်ပွားသည့် ချိုးဖေါက်မှုများ ရပ်ဆိုင်းအောင်ပြုလုပ်ရန်နှင့် အနာဂါတ်တွင် လူ့အခွင့်အရေးလေးစားလိုက်နာအောင် ဖိအားပေးမှုများပြုလုပ်ရန်
- ရတနာပိုက်လိုင်းလမ်းကြောင်းဒေသတလျှောက်လုံး အဓမ္မလုပ်အားပေးစေခိုင်းမှု ရပ်ဆိုင်းနေပြီဆိုသည့် ကြွေးကြော်ချက်အား တရားဝင်ပြန်လည်ရုတ်သိမ်းပြီး ရှင်းလင်းချက်ပေးရန်၊ အထူးသဖြင့် Total ဝဘ်ဆိုဒ်ပေါ်မှ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO ကို မှားယွင်းစွာ ဖေါ်ပြသည့် ထုတ်ပြန်ချက် ပြန်လည်ရုတ်သိမ်းရန်
- CDA Collaborative Learning Projects အဖွဲ့နှင့် တွေ့ဆုံစကားပြောသည့် ပိုက်လိုင်းဒေသရှိ ဒေသခံပြည်သူလူထုများအပေါ် ဖြစ်ပေါ်လာနိုင်မည့် မြန်မာစစ်တပ်၏ ဖမ်းဆီးနှိပ်စက်မှုနောက်ဆက်တွဲ အကျိုးဆက်များကို သေချာစွာလေ့လာစုံစမ်းပြီး တာဝန်ယူရန်
- ရနာစီမံကိန်းတစ်ခုလုံးမှတဆင့် မြန်မာစစ်အစိုးရသို့ ပေးသည့်ဝင်ငွေများအားလုံးကို ထုတ်ပြန်ရန်
- ရတနာစီမံကိန်းဒေသအတွင်း မြန်မာလုံခြုံရေးစစ်တပ်များ အသုံးပြုခြင်း မပြုရန်။

**မြန်မာနိုင်ငံအတွင်းရှိ သဘာဝအရင်းအမြစ်များထုတ်ယူသည့် လုပ်ငန်းတွင်ရင်းနှီးမြှုတ်နှံရန်စီစဉ်သည့် ကုမ္ပဏီများသို့**

- လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်နောက်ဆက်တွဲအကျိုးဆက်များကို လုံလောက်စွာ အကာအကွယ်ပေးခြင်း သို့မဟုတ် လျှော့နည်းလားခြင်းမရှိသရွေ့၊ စီမံကိန်းအပေါ် ဒေသခံရွာသားများအား ကြိုတင်အကြောင်းကြားအသိပေးခြင်းမရှိသရွေ့ ဆောက်လုပ်ရေးစီမံကိန်းနှင့် ရင်းနှီးမြှုတ်နှံမှုများကို ရပ်တန့်ရန်။ အထူးသဖြင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ပါဝင်ပတ်သက်သည့် ကုမ္ပဏီများဖြစ်သည့် Daewoo International, Korea Gas Company (KOGAS), Gas Authority of India Ltd., ONGC Videsh, Chinese National Petroleum Company, PetroChina နှင့် အခြားသော ကုမ္ပဏီများအား ဤအကြံပြုချက်များကို အကောင်အထည်ဖေါ်ခြင်းမရှိသရွေ့ စီမံကိန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ချက်ခြင်းရပ်ဆိုင်းထားသင့်ပေသည်။
- မြန်မာနိုင်ငံအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းများ မစတင်ခင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး နောက်ဆက်တွဲအကျိုးဆက်စမ်းစစ်လေ့လာမှုများ လွတ်လပ်သည့်ကြားခံအဖွဲ့မှ သေချာစွာ

ပြုလုပ်ရန်၊ ဤကဲ့သို့ပြုလုပ်ရာတွင် ဒေသခံပြည်သူလူထုများမှ လွတ်လပ်စွာတင်းပြည့်ပါဝင်စေပြီး၊ ထွက်ရှိလာသည့် စမ်းစစ်လေ့လာမှုအစီရင်ခံစာအား ဒေသခံဘာသာစကားဖြင့် လွယ်ကူစွာရယူနိုင်အောင် စီစဉ်ပေးရမည်။

- တည်ရှိနေပြီးသော စီမံကိန်းများနှင့်ဆက်စပ်သည့် လူ့အခွင့်အရေးအခြေအနေများအား ကြားခံအဖွဲ့အစည်းတစ်ခုခုမှ လွတ်လပ်စွာကြီးကြပ်နိုင်အောင် စီစဉ်ပေးရန်။
- စီမံကိန်းနှင့်ဆက်စပ်သည့် အချက်အလက်များအပေါ်ကြိုတင်သိရှိခြင်းအား ဌာနေတိုင်းရင်းသား၏အခွင့်အရေးအဖြစ် အသိအမှတ်ပြုပြီး၊ ကုမ္ပဏီ၏အဆိုပြုလုပ်ငန်းနှင့် ဆက်စပ်၍ ယင်းအခွင့်အရေးများ လေးစားလိုက်နာမှုရှိစေရန် လွတ်လပ်သည့်ကြားခံအဖွဲ့အစည်းတစ်ခုခုနှင့် နီးနှောတိုင်ပင်ရန်
- မြန်မာစစ်အစိုးရကို ပေးသည့်ဝင်ငွေများအားလုံး ရှင်းလင်းတင်ပြရန်

**CDA Collaborative Learning Projects (CDA) နှင့် Corporate Engagement Project (CEP) သို့**

- ရတနာပိုက်လိုင်းဒေသ အဓမ္မလုပ်အားပေးစေခိုင်းမှုများမရှိကြောင်း CDA မှ တွေ့ရှိဟု Total မှ ပြောဆိုသည့်အချက်ကိုအထူးပြု၍ CDA အစီရင်ခံစာအပေါ် Total နှင့် Chevron မှ ထုတ်ပြန်သည့် မှန်ကန်မှုမရှိသည့် ထုတ်ပြန်ချက်နှင့် ပဋိပက္ခဖြစ်နေသည့်အချက်များကို တရားဝင်ရှင်းလင်းချက်များ ပြုလုပ်ရန်
- CDA အစီရင်ခံစာအား လူ့အခွင့်အရေးစမ်းစစ်လေ့လာချက်မဟုတ်ကြောင်း၊ CDA သည် လူ့အခွင့်အရေးကို အစီရင်ခံသည့်အဖွဲ့အစည်းမဟုတ်ကြောင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုနှင့်စပ်လျဉ်းသည့် ကုမ္ပဏီ၏တင်ပြချက်များသည် CDA အစီရင်ခံစာအပေါ် အခြေခံခြင်းမဟုတ်ကြောင်း တရားဝင်ရှင်းလင်းချက်ပေးရန်။
- CEP လုပ်ငန်းနည်းနာပုံစံအား နိုင်ငံတကာအသိအမှတ်ပြုကျင့်သုံးထားသည့် အထူးသဖြင့် အဓမ္မလုပ်အားပေးစေခိုင်းမှု သို့မဟုတ် ဆန္ဒမပါပဲ ပြုလုပ်ရသည့်လုပ်အားများအပေါ် ရည်ညွှန်းသည့် လူ့အခွင့်အရေး စံချိန်စံနှုန်းများသို့ ပြောင်းလဲရန်။
- အကယ်၍ အနာဂါတ်တွင် မြန်မာနိုင်ငံအတွင်းတွင် လုပ်ငန်းများ ဆောင်ရွက်ပါက၊ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာတွင် ဒေသခံပြည်သူလူထုများနှင့် ပတ်သက်ဆက်နွယ်နေသည့် အဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ မပြုလုပ်ပဲ တစ်ဦးခြင်းစီတည်းသန့်ပြုလုပ်ခြင်း၊ စီမံကိန်းဒေသအတွင်းတွင် အချိန်ပေးနေထိုင်သည့်ကာလ တိုးမြင့်ခြင်း၊ ပိုက်လိုင်းလမ်းကြောင်းပြင်ပရှိ လစ်လျူရှုခံရသည့်ဒေများတွင် ပိုက်လိုင်းလုံခြုံရေးစစ်တပ်မှတဆင့် Total နှင့် Chevron တို့ လုပ်ငန်းလုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအကျိုးဆက်များအပေါ် အရေအသွေးပြည့်မှီသည့် လူ့အခွင့်အရေးအဖွဲ့မှ ပိုက်လိုင်းဒေသတွင်းနှင့် ယင်းဒေမှထွက်ပြေးလာသည့် ဒုက္ခသည်များနှင့် လျှို့ဝှက်စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုလုပ်ရာတွင် လိုက်လျောညီထွေသည့် ဒေသခံဘာသာစကား အသုံးပြု၍ ပြုလုပ်ရန်၊
- CDA Collaborative Learning Projects အဖွဲ့နှင့် တွေ့ဆုံစကားပြောသည့် ပိုက်လိုင်းဒေသရှိ ဒေသခံပြည်သူလူထုများအပေါ် ဖြစ်ပေါ်လာနိုင်မည့် မြန်မာစစ်တပ်၏ ဖမ်းဆီးနှိပ်စက်မှုနောက်ဆက်တွဲ အကျိုးဆက်များကို သေချာစွာလေ့လာစုံစမ်းပြီး တာဝန်ယူရန်
- CDA မှ ထုတ်ဝေသည့် အစီရင်ခံစာ ၅ စောင်တွင် ထည့်သွင်းပါဝင်ခြင်းမရှိသည့် ရတနာစီမံကိန်းနှင့်စပ်လျဉ်းသည့်သမိုင်းကြောင်းအပြည့်အစုံနှင့် နယ်မြေဒေသဆိုင်ရာအချက်အလက်များအပါအဝင် ရတနာစီမံကိန်းကြောင့် ဖြစ်ပေါ်လာသည့်နောက်ဆက်တွဲအကျိုးဆက်များကို အသိအမှတ်ပြုရန်

## မြန်မာနိုင်ငံအတွင်းရှိ ရင်းနှီးမြှုတ်နှံသူများနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသည့်လုပ်ငန်းကုမ္ပဏီများတွင် ပါဝင်သည့် အစုရှင်များသို့

- စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီများ၏ အကျင့်စရိုက်များ တိုးတက်ကောင်းမွန်လာစေရန် အချိန်ကန့်သတ်ချက်ထားရှိပြီး ရှင်းလင်းတိကျသည့်ဦးတည်ချက်နှင့် မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများ၏ ရင်းနှီးမြှုတ်နှံမှုလုပ်ငန်းများ၊ လုပ်ငန်းအကျိုးသက်ရောက်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ပတ်သက်လာစေရန်
- စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များအပေါ် ကြိုတင်အသိပေးမှုအခွင့်အရေးအပါအဝင် ထိခိုက်ခံရသည့် ဒေသခံပြည်သူလူထုနှင့် ဌာနေတိုင်းရင်းသားများ အခွင့်အရေး၊ ဘဏ္ဍာဝင်ငွေနှင့် အခြားသောကိစ္စရပ်အပေါ် ပွင့်လင်းမြင်သာရှိမှု၊ တရားဥပဒေစိုးမိုးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု စသည်တို့ကို တိုးတက်ကောင်းမွန်စေနိုင်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ရှိလာစေရန် အစုရှယ်ရှင်များ ဥပဒေပံ့ပိုးရန်
- Publish What You Pay ၏ စည်းရုံးလှုံ့ဆော်သည့်လုပ်ငန်းနှင့် Extractive Industries Transparency Initiative တို့၏ ဦးတည်ချက်နှင့် ပန်းတိုင်များကို တိုးတက်မြင့်တင်ရန်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) သို့

- နိုင်ငံတကာဥပဒေနှင့်ကိုက်ညီသည့် အခြေခံလူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများကို လေးစားလိုက်နာရန်။ ရတနာပိုက်လိုင်းဒေသတွင်းနှင့် မြန်မာနိုင်ငံတဝန်းလုံးရှိပြည်သူလူထုများအပေါ် ဥပဒေနှင့် မညီညွတ်သည့်သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ အင်အားအလွန်အကျွံအသုံးပြုမှုများ၊ ဥပဒေနှင့်မညီသည့်ဖမ်းဆီးချုပ်နှောင် ထောင်အကျဉ်းချမှုများ၊ အတင်းအဓမ္မလုပ်အားပေး စေခိုင်းမှုများနှင့် အတင်းအဓမ္မနေရာပြောင်းရွှေ့စေခိုင်းမှုများ စသည့်လူ့အခွင့်အရေး ချိုးဖေါက်မှုများအား ရပ်ဆိုင်းရန်။
- ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအပေါ် ပြုလုပ်သည့်ဆုံးဖြတ်ချက်များတွင် ပြည်သူလူထုများပူးပေါင်းပါဝင်သည့် အခွင့်အရေးများကို လေးစားလိုက်နာပြီး ကာကွယ်စောင့်ရှောက်ပေးရန်၊ အထူးသဖြင့် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများမှ စီမံကိန်းနှင့်ဆက်စပ်သည့် အကြောင်းအရာ အချက်အလက်များအားလုံးကို ကြိုတင်သိရှိခွင့်ရှိရန်။